ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၂ – ၂၀၁၃ ခုဘဏ္ဍာရေးနှစ်

# ရှာဝတီတိုင်းဒေသကြီး၏

# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

# ၂၀၁၂–၂၀၁၃ခု၊ဘဏ္ဍာရေးနှစ် ရှေ့ဝတီတိုင်းဒေသကြီး၏
# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
## (၂၀၁၂ခုနှစ်၊ရှေ့ဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၀/၂၀၁၂။)

၁၃၇၄ ခုနှစ် ၊ နတ်တော်လပြည့်ကျော် ၃ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် )

ရှေ့ဝတီတိုင်းဒေသကြီး လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

**အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ**

၁။ (က) ဤဥပဒေကို ၂၀၁၂ – ၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် ရှေ့ဝတီတိုင်းဒေသကြီး ၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၂–၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက် ရောက်ရမည်။

အခန်း (၂)

**နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း**

၂။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးလွှတ်တော် ၊ တိုင်းဒေသကြီးတရားလွှတ်တော် ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ နှင့် တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းများ နှင့် စပ်လျဉ်း၍ ဇယား (၁) တွင်ခွင့်ပြုထားသော သုံးငွေတို့ အတွက် တာဝန် ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲ ဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း သည် ၂၀၁၂ခုနှစ်၊ ရှေ့ဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲ ခြင်းအပြင် နောက်ထပ်သုံးစွဲခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၂ ခုနှစ်၊ ရောဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဝန်ကြီးချုပ်
ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

# ဧရာဝတီတိုင်းဒေသကြီး အဆင့်အဖွဲ့အစည်းများ

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၂ ခုနှစ် တိုင်းဒေသကြီး၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | **ပြည်ထဲရေး**<br>၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | **၁၅၆၅.၅၀၅**<br>၁၅၆၅.၅၀၅ | | | | | | |
| ၂ | ၂ | **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း**<br>၁။ စိုက်ပျိုးရေးဦးစီးဌာန | ၎င်း | **၈၂.၉၈၀**<br>၈၂.၉၈၀ | | | | | | |
| ၃ | ၃ | **သမဝါယမ**<br>၁။ သမဝါယမဦးစီးဌာန | ၎င်း | **၂၃.၃၅၉**<br>၂၃.၃၅၉ | | | | | | |
| ၄ | ၅ | **ဆောက်လုပ်ရေး**<br>၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | ၎င်း | **၁၄.၂၁၄**<br>၁၄.၂၁၄ | | | | | | |
| ၅ | ၇ | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု**<br>၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၎င်း | **၁၃.၂၆၂**<br>၁၃.၂၆၂ | | | | | | |
| ၆ | ၁၁ | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | ၁၁၅.၀၀၀ | | | ၇၂၂.၂၄၀ | | | |
| | | ပေါင်း | | ၁၈၁၅.၁၂၀ | | | ၇၂၂.၂၄၀ | | | |